

# သူတို့ စစ်ပွဲက ပြန်လာခဲ့ကြတယ်



သူတို့
စစ်ပွဲက ပြန်လာခဲ့ကြတယ်။

ဖုံအလူးလူး
သဲတရှပ်ရှပ်
အသံတွေက သဲ့သဲ့
ဒါပေမယ့် ...
မျက်လုံးတွေကတော့ ဝင်းလဲ့။

သူတို့
စစ်ပွဲက ပြန်လာခဲ့ကြတယ်
ပြီးတော့ သူတို့ ဆရာကန့်ဆီလာကြတယ်
စစ်ပွဲအကြောင်းတွေကို ပြောနေကြတယ်
ဆရာကန့်မှာ အလွမ်းတွေနဲ့ဆိုတာ သူတို့မသိကြဘူး။

ထုံစံအတိုင်းပေါ့
အသက်ဘေးကြားမှာ
ခြောက်ခြားစရာကောင်းတာတွေမှန်သမျှဟာ
အဲဒီ အသက်ဘေးက လွတ်တဲ့အခါ ရယ်စရာ
မောစရာတွေအဖြစ်
ပြန်လည်ပြောကြားနေကြ
ဆရာကန့်မှာ အလွမ်းတွေနဲ့ဆိုတာ သူတို့မသိကြဘူး။

ဆရာကန့်မှာ အလွမ်းတွေနဲ့ ဆိုတာ သူတို့မသိကြဘူး
ဟိုတချိန်
တိုက်ခိုက်ရေးသမားဘဝ
ပြောက်ကြားစစ်တွေ
ခံစစ်ကုန်းတွေ
ဝိုင်းပတ်ချေမှုန်းပွဲတွေ
အလစ်အငိုက်တိုက်ပွဲတွေ
ရှောင်တခင်တိုက်ပွဲတွေ။

သူတို့လိုပ
ဟိုတုန်းက ငါတို့လည်း
စစ်ပွဲတပွဲပြီးတိုင်း
ရင်ခုန်ရ
ပြန်ပြောကြ
စကြနောက်ကြ
ရယ်ကြမောကြ
အောက်ပွဲရတဲ့အခါ
အပြစ်တင်သံမှာတောင်
ဟာသလေးတွေက စိုလို့။
သူတို့
စစ်ပွဲက ပြန်လာကြတယ်
မျက်လုံးတွေက ဝင်းလဲ့
လွမ်းတယ်ကွဲ့ အားလုံးကို။

ညိုထက် (လမ်းသစ်ဦး)